**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၆၈)**

**နေ့စွဲ – ၂၇. ၂. ၂၀၁၁**

## ခရစ်တော်၏အပြစ်မဲ့သောလူသားဇာတိအကြောင်း
(Christ's Sinless Human Nature)

ခရစ်တော်၏လူသားဇာတိအကြောင်း ယုံကြည်ရမည့်အမှန်တရားငါးခုမှ နှစ်ခုကိုပြောခဲ့ကြပြီဖြစ်သည်။ သူ့ထံတွင် စစ်မှန်သော၊ ပြည့်စုံသော လူသားဇာတိသဘာဝရှိသည်ဆိုသော အံ့သြစရာသင်ကြားမှုကို လေ့လာခဲ့ကြပြီ။ ယခု သူ့ထံတွင် အပြစ်မဲ့သောလူသားဇာတိရှိသည်ဆိုသော အရေးကြီးသည့်အမှန်တရားကို လေ့လာကြပါမည်။

သူသည် အပြစ်မဲ့ကြောင်း ဟေဗြဲ ၄း၁၅ တွင် အရှင်းဆုံးပြောပြပါသည်။ ၎င်းကို ယောရှာ ၅၃း၉၊ လုကာ ၁း၃၅ နှင့် ၂ကော ၅း၂၁ တို့တွင်လည်း သင်ပေးပါသည်။ သို့သော် ဟေဗြဲ ၄း၁၅ က ခရစ်တော်အပြစ်ပြုနိုင်ပါသလား ဆိုသောမေးခွန်းကို မေးလာပါသည်၊ သူသည် ကျွန်တော်တို့ကဲ့သို့ နေရာတိုင်းတွင် စုံစမ်းသွေးဆောင်ခြင်းကိုခံရပါသည်ဟုပြောထားသောကြောင့်ဖြစ်သည်။ တနည်းဖြင့်ပြောရလျှင်၊ ခရစ်တော်၏အပြစ်မဲ့ခြင်းဆိုသည်မှာ သူ အပြစ်မလုပ်ပါဟုဆိုလိုပါသလား၊ (သို့) သူ အပြစ်မလုပ်နိုင်ပါဟု ဆိုလိုပါသလား?

အချို့က ခရစ်တော်သည် သူ၏လူသားဇာတိမှနေ၍ အပြစ်ပြုနိုင်မှသာ သူခံရသော စုံစမ်းသွေးဆောင်ခြင်းများသည် စစ်မှန်နိုင်ပါမည်ဟု ပြောကြပါသည်။ သူသည် အပြစ်မလုပ်ပါ၊ အဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်ဖြစ်သောကြောင့်ပင်ဟုပြောကြသည်။ ထိုသို့သောသွန်သင်မှုကိုနားလည်ရန်၊ သူ့အတွက် အပြစ်ပြုရန်သည် မဖြစ်နိုင်သောအရာဖြစ်ကြောင်းကို အထူးပြု၍ပြောရပါမည်။ ကျွန်တော်တို့ သတိပြုရမည့်အချက်မှာ ဇာတိသဘာဝက အပြစ်ပြုခြင်းမဟုတ်ပါ၊ ပုဂ္ဂိုလ်ကသာ အပြစ်ပြုခြင်းဖြစ်သည်ဆိုသည့်အချက်ကို ဖြစ်ပါသည်။ ခရစ်တော်၌ ပုဂ္ဂိုလ်တခုသာရှိသည်၊ ၎င်းမှာ ဘုရားသခင်၏သားတော်ဖြစ်သည်။ ဘုရားသခင်အနေနှင့် သူသည် အပြစ်မပြုနိုင်ပါ။ ခရစ်တော်သည် သူ၏လူသားဇာတိအတွင်း၌ အပြစ်ပြုနိုင်သည်ဟုပြောခြင်းသည်၊ ဘုရားသခင်က အပြစ်ပြုနိုင်သည်ဟု ပြောခြင်းနှင့်အတူတူဖြစ်ပါသည်။ ခရစ်တော်သည် လူသားဇာတိအတွင်းရှိနေခဲ့စဉ်ကပင် ဘုရားသခင်၏ထာဝရသားတော်အဖြစ်နှင့် ရှိနေခဲ့ခြင်းဖြစ်သည်။ ထိုအချက်ကို ၂ကော ၅း၂၁က အသေအချာပြောသည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ သူသည် အပြစ်ကိုမသိခဲ့ပါဟု ပြောထားပါသည်။ ထို့အပြင် ဟေဗြဲ ၇း၂၆က "သူသည် သန့်ရှင်းသူ၊ ဒုက္ခမပေးသူ၊ ပညစ်ငြူးသူ၊ အပြစ်သားများနှင့်သီးခြားနေသူ"ဖြစ်သည်ဟု ဆက်ပြောပါသည်။

ခရစ်တော်တွင် အပြစ်မရှိဆိုခြင်းသည်၊ သူ့ထံတွင် မူလအပြစ်မရှိဟု ပြောခြင်းလဲဖြစ်ပါသည်။ အာဒံထံမှ ကျွန်တော်တို့ရသောအပြစ်ဖြစ်သည်(ရောမ ၅း၁၂)။ ထို့ရှုထောင့်မှနေ၍ သူသည် မညစ်ငြူးသူဖြစ်ပါသည်။ အပျိုစစ်စစ်မှမွေးလာခြင်း၊ ဘုရားသခင်သည်သူ၏ဖခင်ဖြစ်ခြင်း၊ သူ၏လူသားဇာတိအတွက်လည်းဖြစ်သည်၊ စသည်တို့က အာဒံသားသမီးများအားလုံးထဲတွင် ခရစ်တော်သာ စင်ကြယ်စွာ၊ သန့်ရှင်းစွာ မွေးလာသူဖြစ်သည်ဟု အာမခံချက်ပေးနေပါသည်။

သူ့ထံတွင် မူလအပြစ်မရှိယုံသာမကပါ၊ တကယ်ကျူးလွန်သောအပြစ်လဲမရှိပါ။ သူ၏တဘဝလုံး၊ မွေးဖွားစမှနေ၍၊ ခရစ်တော်သည် ဘုရားသခင်၏ပညတ်တော်ကို မည်သည့်အခါကမျှ မချိုးဖေါက်ပါ၊ အသေးအဖွဲကိစ္စ၌ပင် အမှားမလုပ်ပါ၊ ဘုရားသခင့်လှုပခန်းနားခြင်းကို မဖေါ်ထုတ်သည့်စကား တခွန်းကိုမျှ အချည်းနှီးမဲ့ မပြောခဲ့ပါ။ သူသည် ပြည့်စုံလွန်းသူဖြစ်ပါသည်။

ထို့ကြောင့် အချုပ်အနေနှင့်၊ သူ၏အပြစ်မဲ့ခြင်းအကြောင်းကိုပြောရလျှင် သူ့ထံတွင် မူလအပြစ်မရှိပါ၊ တကယ်ကျူးလွန်သောအပြစ်မရှိပါ၊ အပြစ်ပြုနိုင်ခြေရှိမှု သူ့ထံတွင်မရှိပါ။ ထို့ကြောင့် သူသည် ကျွန်တော်တို့၏ကယ်တင်ဖြစ်ထိုက်သူဖြစ်သည်ဟု ဟေဗြဲသြဝါဒစာက ပြောနေရခြင်းဖြစ်ပါသည်။

အပြစ်မရှိသူဖြစ်သဖြင့် သူသည် ပထမအနေနှင့်သူ့အပြစ်အတွက် ယဇ်ပူဇော်စရာမလိုပါ၊ သို့သော် ကျွန်တော်တို့အတွက် ပြည့်စုံသောယဇ်ကို ပူဇော်ပေးနိုင်ပါသည် (ဟေဗြဲ ၇း၂၇)။ ထို့ကြောင့် သူသည် ကျွန်တော်တို့၏နေရာတွင် အပြစ်ဖြစ်လာနိုင်သူဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်တော်တို့ကို ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သူများ ဖြစ်လာစေနိုင်ပါမည် (၂ကော ၅း၂၁)။

ထို့ကြောင့် ခရစ်တော်၏အပြစ်မဲ့ခြင်းသည်၊ သူ၏ဖြောင့်မတ်ခြင်း ပြည့်စုံကြောင်း အာမခံဖြစ်လာပါသည်။ ၎င်းသည် ကျွန်ုပ်တော်တို့အတွက်ဖြစ်ပါသည်။ သူ၏သေခြင်းဖြင့် ပြုလုပ်သော ထိုက်တန်ခြင်းအားလုံး သူ့အတွက် မလိုအပ်ပါ၊ ကျွန်တော်တို့အတွက် လုပ်ပေးခြင်းသာဖြစ်ပါသည်။ ကျွန်တော်တို့ကသာ ၎င်းတို့ကို အသည်းအသန် လို အပ်ကြပါသည်။

## ခရစ်တော်၏အားနည်းသောလူသားဇာတိအကြောင်း

(Christ's Weakened Human Nature)

ယခုတွင် ခရစ်တော်၏လူသားဇာတိနှင့်ပတ်သက်သည့် ကြီးမြတ်သောစတုတ္ထအမှန်တရားကို ကြည့်ပါမည်။ ယျှချိန်တွင် ကျက်သရေနှင့်ပြည့်စုံလှသောလူသားဇာတိကို ပိုင်ဆိုင်နေသူသည်၊ ကမ္ဘာပေါ်တွင်ရှိနေခဲ့စဉ်က အား နည်းသော လူသားဇာတိကိုသာ ပိုင်ဆိုင်ခဲ့ပါသည်။ သူ၏လူသားဇာတိသည် စစ်မှန်ယုံ၊ ပြည့်စုံယုံ၊ အပြစ်မဲ့ယုံ မက ပါ၊ အားနည်းသောလူသားဇာတိလဲ ဖြစ်ပါသည်။

ခရစ်တော်၌ အားနည်းသောလူသားဇာတိရှိသဖြင့်၊ မြေကြီးပေါ်တွင်အသက်ရှင်သမျှကာလပတ်လုံး၊ အပြစ် ၏ရလဒ်မျိုးစုံအောက်တွင် အသက်ရှင်ခဲ့ရပါသည်၊ သို့သော် အပြစ်ပြုခြင်းတော့မပါပါ။ သူသည် ဖျားနာခြင်း၊ ဆာ လောင်ခြင်း၊ ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ အားနည်းခြင်း စသည်တို့အောက်တွင်နေထိုင်ခဲ့ပါသည်၊ နောက်ဆုံး သေ ခြင်းကိုပင်တွေ့ကြုံခဲ့ပါသည်။ ကျွန်တော်တို့နှင့်အတူတူပင်ဖြစ်သည်။ သူသည် "ငါတို့ချည့်နဲ့ခြင်း၏ ခံစားချက်များကို ဂရုဏာထားသူ"ဖြစ်ပါသည် (ဟေဗြဲ ၄း၁၅)။

ရောမ ဂးခုက ခရစ်တော်သည် အပြစ်အသွေးအသားနှင့်တူသောပုံသဏ္ဍာန်နှင့်လာခဲ့ပါသည်ဟု ပြောပါ သည်။ ထိုကျမ်းပိုဒ်က သူ့ထံတွင် အပြစ်ရှိသည်ဟုတော့မသင်ပါ၊ အပြစ်တရားကြောင့် ကျွန်တော်တို့အသွေးအသား ပေါ်သို့ ရောက်လာသော ဆိုးညစ်မှုများအားလုံးအောက်တွင် အသက်ရှင်ပေးရန်လာသည်ဟုပြောခြင်းဖြစ်သည်။ အ ပြစ်နှင့်ပြည့်သော ကျွန်တော်တို့အသွေးအသား၏အားနည်းချက်များအားလုံးကိုဆိုလိုပါသည်။

ထို့ကြောင့် သူသည် အပြစ်မဲ့သောအသွေးအသားပုံသဏ္ဍာန်နှင့်မလာခဲ့ပါ။ သူသည် အာဒံလိုမဟုတ်ပါ၊ ပထမဆုံးဖန်ဆင်းခံရလျှက်၊ ပထမအခြေအနေ၏လှပခန်းနားခြင်း ကြီးကျယ်မြင့်မြတ်ခြင်းအခြေအနေဖြင့် လာခဲ့ခြင်း မဟုတ်ပါ။ ထိုအခြေအနေကို ပျောက်ဆုံးသွားသော၊ မိမိတို့ကိုယ်ကိုအပေါ် ပျက်ဆီးယိုယွင်းခြင်း၊ ဒုစရိုက်ပြည့်ဝခြင်း တို့ကိုသာမက ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာကိုလဲ ယူဆောင်ကြသူ ကျွန်တော်တို့၏အခြေအနေနှင့် လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချက်သည် အရေးကြီးသောအမှန်တရားဖြစ်သည်။ ရောဂါဘယများ၊ ဝေဒနာခံစားခြင်းများ၊ ဝမ်းနည်း ခြင်းများနှင့် သေခြင်းတို့သည် ကျွန်တော်တို့အပြစ်ကြောင့်ထွက်လာသော ရလဒ်များဖြစ်ပါသည်၊ အပြစ်အပေါ်ထားရှိ သော ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာဖြစ်ပါသည်။ ခရစ်တော်က ကျွန်တော်တို့၏ ထိုအားနည်းချက်များကို မိမိအ ပေါ်သို့ ယူဆောင်ခြင်းသည်၊ ကျွန်တော်တို့ကိုယ်စား ကျိန်ခြင်းကိုခံစားပေးခြင်း၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။ ကျွန်တော်တို့၏ ကျိန်ခြင်းများကို မိမိကိုယ်အပေါ်သို့ ယူဆောင်ခြင်းနည်းလမ်းဖြင့် သခင်ယေရှုသည် ကျွန်တော်တို့၏ အားနည်းခြင်းများအားလုံးကို မိမိအပေါ်သို့ ယူတင်ဝတ်ဆောင်ကာ၊ ၎င်းတို့ကို ကျွန်တော်တို့ထံမှအဝေးသို့ယူဆောင် သွားပေးပါသည်။ ထို့ကြောင့် သူ၏အားနည်းခြင်းများအားလုံးသည် ကျွန်တော်တို့အတွက် နှစ်သိမ့်စရာချည်းသာ ဖြစ် နေပါသည်။

ဟေရှာယက ခရစ်တော်အကြောင်း ပရောဖက်ပြုသည့်အခါ၊ သူ့ကို "ဝမ်းနည်းစရာတို့နှင့်ပြည့်နေသူ၊ ပူဆွေး ခြင်းကိုသေချာသိသူ"ဟုခေါ်ပါသည် (ဟေရှာ ၅၃း၃)။ ခရစ်တော်၏ဝမ်းနည်းခြင်းများကို ဤသို့ရှင်းပြနိုင်ပါမည်ဟု ဟေရှာယက ဆက်ပြောပါသည်၊ "ထိုသူသည် ငါတို့၏အနာရောဂါ(အားနည်းခြင်း)များကို ယူတင်ဆောင်ရွက်လေ၏၊ --- ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏၊ ငါတို့၏ ငြိမ်သက်ခြင်းချမ်း သာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်လေ၏၊" (၄-၅)။

ခရစ်တော်၏သေခြင်းကသာ ဖြန်ဖြေပေးခြင်းတန်ခိုးကို ပိုင်သည်မဟုတ်ပါ၊ သူမြေကမ္ဘာပေါ်အသက်ရှင်နေ ခဲ့မှုတခုလုံးတွင် သူဖြတ်သန်းခဲ့ရသော ဝေဒနာခံစားခြင်းအားလုံးကလည်း ပိုင်ဆိုင်ပါသည်။ ထိုအချက်ကို သူကိုယ် တိုင်က ယျှလို့ဝန်ခံချက်ပြုပါသည်၊ "အကျွန်ုပ်သည် ပူပန်ခြင်းရှိ၍၊ အသက်ကာလကို လွန်စေရပါ၏၊ နှစ်စဉ်အတိုင်း ညည်းတွားလျှက် နေရပါ၏၊ ကိုယ်အပြစ်ကြောင့် အကျွန်ုပ်အားလျော့၍၊ ရန်သူများကြောင့် အရိုးတို့သည် ဆွေးမြေ့ ကြပါ၏။" (ဆာလံ ၃၁း၁၀)

ဤနေရာတွင် ခရစ်တော်၏အခက်အခဲခံစားခြင်း၊ ဝေဒနာခံစားခြင်းတို့မှ ရောက်လာသော နှစ်သိမ့်မှုများကို ကျွန်တော်တို့အတွက် ထပ်မံတွေ့နေရပါသည်။ ထိုခံစားရမှုတို့က ပြောနေသည်မှာ သူသည် ကျွန်တော်တို့၏ အခက်

အခဲများ၊ ရှန်းကန်ရခြင်းများကို လက်တွေ့အတွေ့အကြုံအားဖြင့် သိနေသည်ဆိုသည့်အကြောင်းဖြစ်သည်။ သူသည် ထိုအရာများအားလုံးကို တွေ့ကြုံခဲ့ပါသည်၊ ထို့ကြောင့် "ငါတို့အခက်အခဲဒုက္ခတွေကို ဘယ်သူမှနားမလည်ပါဘူး"ဟု မပြောပါနှင့်၊ ခရစ်တော်က နားလည်ပါသည်။

ဤနည်းလမ်းဖြင့် ကျွန်တော်တို့ ကယ်တင်ရှင်၏ အားနည်းချက်များ၊ နာကျင်မှုများ၊ ဝမ်းနည်းမှုများ၊ ဒုက္ခဝေဒနာ ခံစားခြင်းများသည် ကျွန်တော်တို့ကယ်တင်ခြင်းရဖို့ လိုအပ်သောအရာများဖြစ်ကြပါသည်။ ထို့ကြောင့် သူခံစားရသော ဝမ်းနည်းခြင်းများနှင့်တူသောအရာမရှိဟု သိယုံမြင်ယုံသာမက၊ ယုံကြည်ရမည်ဖြစ်ပါသည်၊ (ယေမြည် ၁း၁၂)။

## ခရစ်တော်ခံရသောစုံစမ်းနှောက်ယှက်ခြင်းများအကြောင်း

(The Temptations of Christ)

ဟေဗြဲ ၄း၁၅က ခရစ်တော်ထံတွင် အားနည်းသော၊ သို့သော် အပြစ်မဲ့သော လူသားဇာတိရှိပါသည်ဟုပြော ပြပါသည်။ ၄င်းတို့ကို ရှင်းပြခဲ့ပြီးဖြစ်သည်။ ထိုအချက်နှစ်ချက်က ခရစ်တော်ခံရသော စုံစမ်းနှောက်ယှက်ခြင်းနှင့်ပတ်သက်၍ မေးခွန်းများထွက်ပေါ်လာစေပါသည်။ သူသည် အပြစ်မဲ့သူဖြစ်လျှင် မည်ကဲ့သို့ စုံစမ်းနှာက်ယှက်ခံရနိုင်မည်နည်း? သူသည် အပြစ်ပြုရန်မဖြစ်နိုင်သူဖြစ်ပါက သူခံရသောစုံစမ်းနှောက်ယှက်ခြင်းများသည် မည်သို့လျှင် အစစ်အမှန်ဖြစ်နိုင်မည်နည်း? သူသည် အပြစ်မပြုနိုင်သူဖြစ်လျှင်၊ တကယ်ဘဲ ကျွန်တော်တို့နှင့်နေရာတိုင်းတွင်တူသော အားနည်းသည့်လူ့ဇာတိကို ယူဆောင်ခြင်းဖြစ်နိုင်ပါမည်လား?

ခရစ်တော်ခံရသော စုံစမ်းနှောက်ယှက်ခြင်းများသည် တကယ်ဖြစ်ကြောင်း ကျမ်းစာအရရှင်းနေပါသည်။ ၄င်းတို့ ပြီးဆုံးသောအခါ၊ သူသည် ကောင်းကင်တမန်များ၏ပြုစုခြင်းကို လိုအပ်ခဲ့ပါသည် (မဿဲ ၄း၁၁)။ စုံစမ်းနှောက်ယှက်ခြင်းခံရသောအခါ၊ ကျွန်တော်တို့ကဲ့သို့ပင် ခံစားရသည့် အားနည်းသောလူသားဇာတိကို ပိုင်ဆိုင်ခဲ့ပါသည်။ သို့သော် ထိုသို့ပြောခြင်းက အထက်ကမေးသောမေးခွန်းများကို အဖြေမပေးနိုင်ပါ၊ သူသည် အပြစ်မပြုနိုင်သူဖြစ်လျှင် စုံစမ်းနှောက်ယှက်ခံရခြင်းများ မည်သို့လျှင် တကယ်ဖြစ်နိုင်ပါမည်နည်း?

အချို့က ဤပြဿနာကိုဖြေရှင်းရန်၊ ခရစ်တော်သည် သူ၏လူသားသဘာဝဖြင့် အပြစ်ပြုနိုင်သော်လည်း၊ ဘုရားဇာတိအားဖြင့်မူ အပြစ်မပြုနိုင်ပါဟုပြောကြသည်။ ထိုဖြေရှင်းချက်ကို ကျွန်တော်တို့ လက်မခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြောလျှင်၊ သူသည်ပြည့်စုံသောသူမဟုတ်ဟု နိဂုံးချုပ်ရမည်ဖြစ်သည်၊ ထိုသို့မပြောရပါ။ သူသည် ဘုရားသခင်၏တပါးတည်းသာမွေးထားသောသားတော်ဖြစ်သဖြင့်၊ သူ၏ဇာတိအားဖြင့် အပြစ်ပြုနိုင်သည်ဟု ပြောခြင်းသည်၊ ဘုရားသခင်၏သားတော်က အပြစ်ပြုနိုင်သည်ဟုပြောခြင်းဖြစ်နေပါသည်၊ ထိုသို့ပြောခြင်းသည် ဘုရားသခင်ကို စော်ကားခြင်းဖြစ်ပါသည်။

"ဘုရားသခင်သည် အသွေးအသား၌ပေါ်လာတော်မူသည်"(၁တိ ၃း၁၆)ဆိုသည့် နက်နဲလှသောအကြောင်းအရာ၊ ထူးဆန်းလွန်းသောအကြောင်းအရာကို ဖြေရှင်းနိုင်ပါသည်ဟု ဟန်မဆောင်ဘဲ၊ ကျွန်တော်တို့သည် ခရစ်တော်ခံရသောစုံစမ်းနှောက်ယှက်ခြင်းများကို နားလည်နိုင်ရန် ကျမ်းစာကအကူအညီပေးပါသည်ဟု ယုံကြည်ကြပါသည်။ ကျွန်တော်တို့နားလည်ရမည်မှာ၊ စုံစမ်းနှောက်ယှက်ခြင်း၊ သွေးဆောင်ဖျားယောင်းခံရခြင်း စသည့်စကားလုံးများကို မူရင်းဂရိကျမ်းစာတွင် စကားတလုံးတည်းသာသုံးထားကြောင်းကိုဖြစ်သည်။ ထိုသို့သုံးခြင်းဖြင့် ကျွန်တော်တို့အတွက် အင်မတန်ခြားနားသောအဓိပ္ပါယ်ရှိသယောင် စကားလုံးများသည် တကယ်တမ်းတွင် စာတန်နှင့်အပြစ်ကို ဆန့်ကျင်ရခြင်းဖြစ်သည့် တခုတည်းသောဝိညာဉ်ရေးရာရုန်းကန်ရမှု၏ ရှုထောင့်နှစ်ခုဖြစ်သည်ကို ပြောနေခြင်းဖြစ်ပါသည်။ စာတန်က ကျွန်တော်တို့ကို ဖျားယောင်းသွေးဆောင်ခြင်းသည် တချိန်တည်းတွင် ဘုရားသခင်က စုံစမ်းနေခြင်းဖြစ်ပါသည်။

ထိုအချက်သည် ဘုရားသခင်က အပြစ်နှင့်စာတန်ကို အစိုးရတော်မူကြောင်း ကြီးမားသောသက်သေပြချက်ဖြစ်သည်။ မေကာင္းေသာအမဂၤအရာမသလည္း ကယ္ဗ႑တ္ေတာ္မူပမွဟု ဆုတောင်းတိုင်း ကျွန်တော်တို့က ဖေါ်ပြသော သက် သေပြချက်လည်းဖြစ်ပါသည်။ ထိုအချက်က ခရစ်တော်ခံရသောစုံစမ်းခြင်းကိုနားလည်ဖို့ အကူအညီပေးပါသည်။

ထို့ကြောင့် ခရစ်တော်ကို စာတန်က စုံစမ်းချိန်တွင် တချိန်တည်း၌ ဘုရားသခင်က သူ့ကို စစ်နေပါသည်။ ထိုသို့စဉ်းစားသောအခါ၊ သူ၏စုံစမ်းခြင်းခံရချိန်တွင် ဘာကြောင့် အပြစ်မပြုနိုင်သနည်း? ဆိုသည့်အကြောင်းနှင့်၊ဘာကြောင့် စုံစမ်းခြင်းကိုခံယူသနည်း? ဆိုသည်တို့ကို နားလည်လာပါသည်။

ခရစ်တော်ခံရသောစုံစမ်းခြင်းများသည် စာတန်နှင့်အပြစ်ကို တိုက်ပွဲဝင်ခြင်းဖြစ်သည်၊ ဘုရားသခင်က ခရစ်တော်သည် ထိုတန်သူဖြစ်ကြောင်း၊ အပြစ်မရှိကြောင်း ကျွန်တော်တို့ကိုသိစေချင်၍ စေလွှတ်လိုက်သောစစ်ဆေးချက်

ဖြစ်သည်။ ဤရှုထောင့်မှကြည့်လျှင်၊ သူသည် အပြစ်ပြုနိုင်ခြေရှိမှ စုံစမ်းခြင်းသည် တကယ်ဖြစ်မည်ဆိုသည်မျိုး တွေးစရာမလိုတော့ပါ၊ သို့သော် သူခံရသောစုံစမ်းခြင်းများသည် တကယ်ဖြစ်ပါသည်၊ ခက်ခဲကြပါသည်၊ သူသည်ကျွန်တော်တို့ခံရသကဲ့သို့ နေရာတိုင်းတွင် စုံစမ်းခြင်းခံခဲ့ရပါသည်။

ထိုအချက်ကို နားလည်ဖို့အရေးကြီးပါသည်။ စာတန်ကိုဆန့်ကျင်ခြင်းတွင် ခရစ်တော်၏အပြစ်ကင်းမဲ့ခြင်းသည် ထိုသို့သောဆန့်ကျင်ခြင်းကို ပြုနေကြရသည့် ကျွန်တော်တို့အတွက် အားရှိစေသောအရာဖြစ်ပါသည်။ ကျွန်တော်တို့သည် သူ့ကိုအမြဲကြည့်လျှက်စံထားရပါမည်၊ မဟုတ်ပါက ကျွန်တော်တို့စိတ်ဓါတ်များ "အားနည်းလာကာ၊ စိတ်ပျက်လာပါမည်။" (ဟေဗြဲ ၁၂း၂၃)

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂၃)

### ၉း၁၃–၂၁

၁၃ – ဆဋ္ဌမကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ၊ ဘုရားသခင့် ရှေ့တော်၌ရှိသော ရွှေယဇ်ပလ္လင်၏
ချိုလေးချောင်းထဲက ထွက်သောအသံကား၊ ၁၄ – ဥဖရတ်မြစ်ကြီးနားမှာ ချည်နှောင်လျှက်ရှိသော
ကောင်းကင်တမန်လေးပါးကို လွှတ်လော့ဟု တံပိုးရှိသော ဆဋ္ဌမကောင်းကင်တမန်အား ဆို သည်ကို ငါကြား၏။ ၁၅
– ထိုအခါ လူသုံးစုတစုကို အသေသတ်ခြင်းငှာ၊ တနာရီ၊ တရက်၊ တလ၊ တနှစ်အဘို့ ပြင်ဆင်သော
ကောင်းကင်တမန်လေးပါး တို့ကို လွှတ်လေ၏။ ၁၆ – မြင်းစီးသူရဲတို့၏ အရေအတွက်ကား၊ နှစ်အသချေ ဖြစ်၏။
ထိုအရေအတွက်ကို ငါကြား၏။ ၁၇ – ထို့အတူ ဗျာဒိတ်ရူပါရုံ၌ ထင်ရှားသောမြင်းတို့ကိုငှင်း၊ ကန့်၊ မီး၊
ဝှါကိန္နူကျောက်နှင့်ပြီးသော ရင်အုပ်တန်ဆာရှိသော မြင်းစီးသူရဲတို့ကိုငှင်း ငါမြင်ရ၏။ မြင်းတို့၏ခေါင်းသည်
ခြင်္သေ့ခေါင်းကဲ့သို့ဖြစ်၏။ သူတို့ခံတွင်းထဲကလည်း ကန့်၊ မီးလျှံ၊ မီးခိုး ထွက်ကြ၏။ ၁၈ – သူတို့၏
ခံတွင်းထဲကထွက်သော ကန့်၊ မီးလျှံ၊ မီးခိုးတည်းဟူ သော ဘေးသုံးပါးကြောင့် လူသုံးစုတစု သေကြ၏။ ၁၉ –
အကြောင်းမူ ကား၊ သူတို့တန်ခိုးသည် ခံတွင်း၌ငှင်း၊ အမြီး၌ငှင်း တည်၏။ အမြီးသည် ခေါင်းနှင့်ပြည့်စုံ၍
မြွေနှင့်တူ၏။ အမြီးအားဖြင့် ညှင်းဆဲတတ်ကြ၏။ ၂၀ – ထိုဘေးဒဏ်ကြောင့်မသေဘဲ ကြွင်းသောသူတို့သည်
နတ်တို့ကိုငှင်း၊ မမြင် နိုင်၊ မကြားနိုင်၊ မသွားလာနိုင်သော ရွှေရုပ်တု၊ ငွေရုပ်တု၊ ကြေးနီးရုပ်တု၊ ကျောက်ရုပ်တု၊
သစ်သားရုပ်တုတို့ကိုငှင်း မကိုးကွယ်ဘဲနေခြင်းငှာ၊ ကိုယ် လက်နှင့်လုပ်သောအရာများကို နောင်တမရဘဲနေကြ၏။
၂၁ – ကိုယ်ကျင့်သောတရားတည်းဟူသော လူအသက်ကိုသတ်ခြင်း၊ သူတပါးကိုပြုစား ခြင်း၊
မတရားသောမေထုန်၌မှိုဲခြင်း၊ သူ့ဥစ္စာကိုခိုးခြင်းအမှုများကိုလည်း နောင်တမရဘဲ နေကြ၏။

### သုံးထပ်ကွမ်းသရဲကြီးများ

၁။ သခင်ယေရှု၏အမိန့်ပေးသံကိုကြားရခြင်းဖြစ်ပါသည်။ ဥဖရတ်မြစ်နားတွင်ချုပ်ထားသော ကောင်းကင်တမန်ဆိုးများကိုလွှတ်ရန် အမိန့်ပေးခြင်းဖြစ်သည်။ လေးပါးဟုပြောသဖြင့် သူတို့၏အလုပ်သည် တကမ္ဘာလုံးတွင်ဖြစ်ကြောင်း သိနိုင်ပါသည်။ နံပတ်(၄)သည် အရပ်လေးမျက်နှာကိုပြောခြင်းဖြစ်သည်။ သူတို့ကိုချုပ်ထားသည်ဟုပြောသဖြင့် သခင်ခရစ်တော်ခွင့်မပြုမချင်း သူတို့လုပ်ရမည်ကိုမလုပ်နိုင်ဖြစ်သည်။ သူတို့အားလွှတ်မည့်အချိန်ကို "တနာရီ၊ တရက်၊ တလ၊ တနှစ်"ဟုပြောထားသည်။ ဆိုလိုသည်မှာ သခင်ယေရှုက သူလုပ်မည့်အရာကို စနစ်တကျစီမံခန်းခွဲထားသည်ဟု ပြောခြင်းဖြစ်သည်။

ကျမ်းစာအရ ဥဖရတ်မြစ်ဆိုသည်မှာ အစ္စရေးတို့နှင့်အခြားလူမျိုးတို့အား ခြားနားသောမျဉ်းကိုဆိုလိုသည်။ အမည်ခံခရစ်ယာန်နိုင်ငံများနှင့် ကမ္ဘာ့အရပ်လေးမျက်နှာရှိတိုင်းနိုင်ငံများကို ပုံဆောင်လျှက်ဖေါ်ပြခြင်းဖြစ်သည်။ ထိုကောင်းကင်တမန်ဆိုးများက ကမ္ဘာ့ လူဦးရေ သုံးပုံတပုံကို သတ်နိုင်သောအခွင့်ရှိကြသည်။ တိုက်ရိုက်တော့မဟုတ်ပါ၊ လူများကို စစ်ပွဲကြီးတပွဲ ဆင်နွဲစေခြင်းဖြင့်ဖြစ်သည်၊ (ဗျာ ၁၆း၁၂–၁၆၊ ၂၀း၁–၁၀)။

၂။ ထိုစစ်တပ်ကြီး၏အရေအတွက်ကို သန်းပေါင်း၂၀၀ ဟုဖတ်ရပါသည်။ သူတို့၏ပုံသဏ္ဍာန်ကို သုံးထပ်ကွမ်းအသေးစိတ်ဖေါ်ပြကြောင်းတွေ့နိုင်ပါသည်။

(က) မြင်းတပ်ကြီးကဲ့သို့ဖြစ်သည် (ယေဘုယျအားဖြင့်)၊ ခြင်္သေ့များနှင့်တူသည် (သူတို့၏ဦးခေါင်းပိုင်း)၊ မြွေနှင့်လည်းတူကြသည် (သူတို့၏အမြီးပိုင်း)၊

(ခ) သူတို့၏ရင်အုပ်ကာများ၏အရောင်၊ မီးကဲ့သို့ (အနီရောင်၊ အခန်းကြီးလေးမှ မြင်းစီးသူများနှင့်ယှဉ်၍ စဉ်းစားကြည့်ပါ၊ မြင်းနီနှင့်တူမည်)၊ ဂေါ်ကီနှုကျောက် (မီးခိုးရောင်၊ မြင်းနက်နှင့်တူမည်)၊ ကန့် (အဝါရောင်ဖျော့ဖျော့၊ မြင်းမွဲနှင့် တူမည်)။
(ဂ) ထို့ကြောင့် ၄င်းတို့၏ပါးစပ်များက မီး၊ မီးခိုးနှင့် ကန့် များကို မှုတ်ထုတ်ကြသည်။ ထို့ကြောင့် ၄င်းတို့၏ တန်ခိုးသည် ပါးစပ်တွင်ရှိသည်။ထို့အပြင် မြွေနှင့်တူသောအမြီးတွင်လည်း ရှိပါသည်။

၃။ မေးရမည့်မေးခွန်းမှာ ဤကြောက်မက်ဖွယ်အုပ်စုကြီးက ဘာကိုဆိုလိုပါသနည်း?
က) ၄င်းတို့သည် နတ်ဆိုးများ၊ ဝိညာဉ်ဆိုးများ မဟုတ်ကြပါ။ ၄င်းတို့ကို ကောင်းကင်တမန်ဆိုးလေးပါးက ဦးဆောင်သော်လည်း သူတို့သည် ဝိညာဉ်များမဟုတ်ပါ၊ လူသတ်နိုင်ကြပါသည်။
ခ) ထို့ကြောင့် ၄င်းတို့သည် မြင်းနီ၊ မြင်းနက်၊ မြင်းမွဲတို့စုပေါင်းလျှက် ပေါ်လာကြခြင်းကို ဆိုလိုနေခြင်းဖြစ်သည်။ စစ်ပွဲများကိုဆိုလိုသည် (စစ်မြင်းများ၊ အနီရောင်ကာလာက အမျက်ဒေါသ၊ မနာလိုမှု၊ လက်စားချေမှုတို့ကို ပုံဆောင်သည်၊ ဆာလံ ၃၉း၃၊ ၅၇း၄၊ ၇၈း၂၊ ၇၉း၅၊ ယေရမိ ၁၂း၁)။ ဝတ်မွတ်ခြင်း၊ အတိဒုက္ခရောက်ခြင်း (စစ်ပွဲများပြီးရောက်လာသော နောက်ဆက်တွဲပြဿနာများ၊ စားသောက်မည်ဟု ကြုံးဝါးနေသောခြင်္သေ့ကပုံဆောင်သည်၊ အရောင်မွဲမွဲ၊ မီးခိုးရောင် (ဟောရှာ ၃၄း၁၀၊ ယေမြည် ၄း၈၊ ၅း၈)။ ကပ်ရောဂါများကျရောက်ခြင်း၊ သေခြင်း (မြွေကဲ့သို့အရောင် ဝါဖျော့ဖျော့၊ လူသေရောင်) ယေဇ ၃၈း၂၂။ ထို့ကြောင့် ဤအုပ်စုကြီးက ပုံဆောင်သည့်အရာမှာ စစ်၊ ဝတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ဆိုးများကျရောက်ခြင်းတို့ဖြစ်သည်၊ တကမ္ဘာလုံးအတိုင်းအတာနှင့်ဖြစ်သည်၊ ထို့ကြောင့် ကမ္ဘာ့လူဦးရေ သုံးပုံတပုံသေသည်။
၄။ ထိုဘေးဆိုးကြီးများက ကမ္ဘာ့လူသားတို့အပေါ် သက်ရောက်ပုံ။ ဤဆဋ္ဌမမြောက်တံပိုးခရာ မှုတ်သောအချိန်ကမ္ဘာကြီးသည်၊ ယုံကြည့်ချက်အလွန်လွဲမှားချိန်၊ အလွန်ဆိုးသွမ်းကြချိန်ဖြစ်ပါသည်။
(က) ဘာသာရေးအရ၊ လူတို့သည် နတ်များ၊ ရုပ်တုများသာ ကိုးကွယ်ကြသည်။
(ခ) ကိုကျင့်တရားအရ၊ သူတို့သည် သတ်ဖြတ်ခြင်းများ၊ ပြုစားခြင်းများ၊ လိင်မှုကိစ္စနှင့် ခိုးဝှက်ခြင်းများကိုသာ ပြုနေကြသည်။ လူ့သမိုင်းတလျှောက် လူတို့သည် ထိုအမှုများကိုသာပြုနေခဲ့ကြသည်၊ ယခုပြောချင်သည်မှာ ပို၍ ဆိုးရွားလာကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။
(ဂ) သူတို့သည် ပို၍ခေါင်းမာလာကြသည်၊ ဘုရားသခင်၏ဒါဏ်ခတ်ခြင်းကိုမြင်လေလေ၊ ခေါင်းမာလေလေ ဖြစ်သည်။ နောင်တမရကြ၊ ဆိုလိုသည်မှာ ဘုရားကိုမယုံကြည်ဟု ပြောခြင်းမဟုတ်၊ အပေါ်ယံကလေးမျှပင် သနားညှာတာခြင်း၊ လူဆန်ခြင်းကို မပြကြတော့ပါဟုပြောခြင်းဖြစ်သည်။ အကြောက်အရွံ့မဲ့ ဆက်၍သာမိုက်ကြသည်။ အဆုံးသတ်သည် အလွန်နီးပြီးဟု ဆိုလိုနေခြင်းဖြစ်သည်။

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## အပြစ်ခွင့်လွှတ်ခြင်း၏ သက်သေအထောက်အထား (ပထမပိုင်း)
## The Evidence of Forgiveness (Part 1)

(၂၃)-ထို့ကြောင့်ကောင်းကင်နိုင်ငံတော်သည်၊ မိမိကျွန်များတို့ကို ဘဏ္ဍာတော်စာရင်းကောက်ယူစေသော မင်းကြီးတဦးနှင့်တူ၏။ (၂၄)-စာရင်းယူစဉ်တွင်၊ ရွှေအခွက်တသိန်းကြွေးတင်သောသူတယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ကြ၏။ (၂၅)-ထိုသူသည်ကြွေးဆပ်ရန်မရှိသောကြောင့်၊ ကိုယ်မှစ၍သားမယားဥစ္စာရှိသမျှတို့ကို ရောင်း၍ကြွေးကိုဆပ်စေဟု သူ၏သခင်စီရင်၏။ (၂၆)-ထိုကျွန်သည်ညွှတ်ပြပ်ဝပ်တွားလျက်၊ သခင်၊ ကျွန်တော်ကိုသည်းခံတော်မူပါ။ ကြွေးရှိသမျှကိုဆပ်ပါမည်ဟုလျှောက်လျှင်၊ (၂၇)-သူ၏သခင်သည်သနားခြင်းရှိသဖြင့် ကြွေးရှိသမျှကိုလွှတ်၍ချမ်းသာပေးလေ၏။ (၂၈)-ထိုကျွန်သည်ထွက်သွားရာတွင် မိမိငွေဒေနာရိတရာကြွေးတင်သောကျွန်ခြင်းတယောက်ကိုတွေ့လျှင်၊ လည်ပင်းကိုကိုင်ညှစ်၍ ငါ့ငွေကိုဆပ်ပေးလော့ဟုဆို၏။ (၂၉)-ထိုကျွန်ချင်းသည် ကြွေးရှင်၏ခြေရင်း၌ပျပ်ဝပ်လျက် ကျွန်တော်ကိုသည်းခံတော်မူပါ၊ ကြွေးရှိသမျှကိုဆပ်ပါမည်ဟုတောင်းပန်သော်လည်း၊ (၃၀)-ငွေရှင်သည်နားမထောင်ဘဲ သွား၍ ကြွေးကိုမဆပ်မှီတိုင်အောင် သူ့ကိုထောင်ထဲမှာလှောင်ထား၏။ (၃၁)-ထိုအမှုအရာကိုအခြားသောကျွန်ချင်းတို့သည် မြင်လျှင်အလွန်နာကျည်းသောစိတ်နှင့်သွား၍၊ ပြုလေသမျှတို့ကို မိမိတို့သခင်၌ကြားလျှောက်ကြ၏။ (၃၂)-ထိုအခါ သခင်သည် ထိုကျွန်ကိုခေါ်၍၊ ဟယ်ဆိုးညစ်သောကျွန်၊ သင်သည်ငါ့ကိုတောင်းပန်သောကြောင့် သင်၌တင်သမျှသောကြွေးကိုငါရှင်းလင်းစေ၏။ (၃၃)-ငါသည်သင့်ကိုသနားသကဲ့သို့ သင်သည်လည်းကျွန်ချင်းကိုမသနားအပ်သလောဟုဆိုလျက်၊ (၃၄)-အမျက်ထွက်၍ ကြွေးရှိသမျှကိုမဆပ်မှီတိုင်အောင် အာ

ဏာသားတို့လက်ကိုအပ်လေ၏။ (၃၅)–သင်တို့သည်လည်းညီအကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက်အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏အဘသည် ထိုနည်းတူသင်တို့ကိုစီရင်တော်မူလတံ့ဟု မိန့်တော်မူ၏။ (မဿဲ ၁၈း၂၃–၃၅)

**မိတ်ဆက်စကား**

ကျွန်တော်တို့သခင်ဘုရားပြောပြခဲ့သော ပုံဥပမာများ၏ ဒုတိယအုပ်စုသည် ပထမအုပ်စုနှင့်အတော်အသင့်ခြားနားမှု ရှိနေသည်။ ဤဒုတိယအုပ်စုတွင် သခင်ယေရှုက ကောင်းကင်နိုင်ငံတော်အတွင်း၌အချင်းချင်းဆက်ဆံရာတွင် ကျင့်သုံးရမည့် ကိုယ်ကျင့်တရား၊ နှင့် လူ့ကျင့်ဝတ်တရား –တို့ကို သွန်သင်ပေးထားသည်။ ဤဆက်ဆံရေးများတွင်– ယုံကြည်သူအချင်းချင်းဆက်ဆံရေး၊ ယုံကြည်သူနှင့်ဘုရားသခင်အကြားဆက်ဆံရေး၊ ယုံကြည်သူနှင့် ဤကမ္ဘာထဲမှအရာများအကြား ဆက်ဆံရေး–တို့ပါဝင်သည်။ ၎င်းတို့သည် နိုင်ငံတော်သားများ၏ နေ့စဉ်အသက်ရှင်ခြင်းနှင့်သက်ဆိုင်သည်။ ဤပုံဥပမာအုပ်စုထဲမှ အများစုကြီးသည် ကိုယ့်ဟာကိုယ်ဖြောင့်မတ်စေသူများကို သခင်ယေရှုက စူးရှစွာ ပြစ်တင်ရှုံ့ချခြင်းအကြောင်းနှင့် အပြစ်အတွက်ဝမ်းနည်းတတ်ရန်၊ နောင်တရတတ်ရန်လိုအပ်ကြောင်း –သွန်သင်ပေးသော ပုံဥပမာများဖြစ်နေကြောင်း သတိပြုဆင်ခြင်မိ၏။

ဤဒုတိယအုပ်စုတွင် ပုံဥပမာ(၁၅)ခုမျှပါဝင်ပြီး၊ ပုံဥပမာထဲတွင်ပါဝင်သောအရာများအပေါ်မူတည်၍ နံပါတ်စဉ်ထိုးသွားမည်ဖြစ်သည်။ (ယခုလေ့လာနေကြသောပုံဥပမာမှလွဲ၍) ဤအုပ်စုဝင်ပုံဥပမာအားလုံးကို ရှင်လုကာခရစ်ဝင်ကျမ်းထဲတွင် ကျွန်တော်တို့အတွက်မှတ်တမ်းတင်ထားကြောင်းတွေ့ရသည်။ ၎င်းတို့ကို သခင်ယေရှု၏ ဂါလိလဲနယ်အတွင်း တတိယအကြိမ်မြောက်သာသနာပြုခရီးစဉ်ပြီးဆုံးခါနီး (ဂါလိလဲနယ်သာသနာအဆုံးသတ်သည့်) အချိန်တဝိုက်နှင့် သူ၏ဂျေရုဆလင်သို့နောက်ဆုံးခရီးစဉ် အတောအတွင်းတွင်ဟောပြောခဲ့ခြင်းဖြစ်နိုင်သည်။ ထို့ကြောင့်အချို့ပုံဥပမာများသည် (ဂျော်ဒန်၏အရှေ့ဖက်ပိုင်းဒေသရှိ ) ပီရီးယားသို့ သခင်ဘုရား၏သာသနာပြုခရီး စဉ်အတွင်းဟောပြောခဲ့ခြင်းဖြစ်ဖို့များသည်။

ယခုကျွန်တော်တို့ဆွေးနွေးနေကြသောပုံဥပမာတွင် တမူထူးခြားသောအခြေအနေတရပ်ပါရှိနေ၏။ ရှင်ပေတရုက သခင်ဘုရားထံသို့– သခင်ဘုရား၊ ကျွန်တော့်ညီအကိုတယောက်က ကျွန်တော့်အပေါ်အပြစ်ကျူးလွန်လာလျှင်ကျွန်တော်ကအကြိမ်ပေါင်းမည်မျှခွင့်လွှတ်ရပါမည်နည်း? –(မဿဲ ၁၈း၂၁) ဟုမေးခွန်းထုတ်လာချိန်ဖြစ်၏။ ရှင်ပေတရု၏မေးခွန်းသည် (သခင်ဘုရားက အသင်းတော်အတွင်းတွင် အပြစ်ထဲသို့ကျဆင်းသွားသည့် ညီအကိုတဦးကို ကယ်ဆယ်နိုင်ဖို့ရန် လူတဦးသည် သူ့မှာရှိသမျှအစွမ်းကုန်ထုတ်၍ ကြိုးစားရမည်)–ဟုသွန်သင်ပေးလိုက်ရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ မဿဲ ၁၈း၁၅၊ ၁၇–တွင်လဲ သခင်ဘုရားက –ထို့မျှမကသေးဘဲ၊ အကယ်၍သင်၏ညီအကိုက သင့်အပေါ်အပြစ်ကျူးလွန်လာလျှင်၊ သူ့ထံသို့သွား၍ သူ၏အပြစ်ကျူးလွန်ခြင်းကို သင်နှင့်သူ–နှစ်ဦးထဲ သီးသန့်ရှိနေချိန်တွင် ပြောပြရမည်။ အကယ်၍ သင်၏ဆုံးမစကားကို သူကနားထောင်ခဲ့လျှင် သင်၏ညီအကိုကို ပြန်ရလိုက်ပြီ။ သို့သော်၊ သူကလက်မခံခဲ့လျှင် သင်နှင့်အတူ အပေါ်တဦး (သို့) နှစ်ဦးကိုခေါ်၍သွားလော့။ သက်သေနှစ်ဦး၊ သုံးဦးရှိလျှင် ပြောသမျှစကားအားလုံးတရားဝင်၏။ ထို့နောက် သင်တို့၏စကားကို သူကနားမထောင်သေးလျှင် အသင်းတော်သို့ ပြောပြလော့။ သို့သော် သူက အသင်းတော်၏ဆုံးမစကားကိုလဲ နားမထောင်ခဲ့လျှင် သူ့ကို မိစ္ဆာဒိဋ္ဌိအရိုင်းအစိုင်း၊ နိုင်ငံရေးသမားကဲ့သို့သတ်မှတ်၍ သူ့စိတ်သဘောအတိုင်းထွက်သွားစေလော့။––ဟူ၍သွန်သင်ပေးခဲ့၏။

ရှင်ပေတရုက ဤသို့သော သခင်ဘုရား၏ပညတ်ချက်ကိုလိုက်လျှောက်နိုင်ရန်အတွက်ဆိုလျှင် ကိုယ့်ညီအကိုချင်းအပြစ်ခွင့်လွှတ်ရန်လိုအပ်ကြောင်း မှန်ကန်စွာရှုမြင်နိုင်ခဲ့၏။ ထို့အတူ ဤသို့ခွင့်လွှတ်ခြင်းအမှုကို မည်သည့်အတိုင်းအတာအထိလုပ်ရမည်နည်း? ဟူ၍တွေးတောနေမိတော့၏။

ရှင်ပေတရုက သူ၏ညီအကိုဖြစ်သူကို ခုနစ်ကြိမ်အထိအပြစ်ခွင့်လွှတ်သင့်သည်ဟု အကြံပေးလိုက်ချိန်တွင် သူ့စိတ်ထဲ၌သူသည် အလွန်အကျူးသဘောကောင်းလွန်းသွားပြီလော–ဟုတွေးမိသွား၏။ သူတို့၏ဘာသာရေးဆရာ(ရဗ္ဗိုင်)များက သုံးကြိမ်တိုင်အောင်အပြစ်ခွင့်လွှတ်ရမည်ဟု သင်ပေးတတ်ကြသည်ဖြစ်ရာ ရှင်ပေတရုက စေတနာပြည့်လျှံစွာဖြင့် ထိုအရေအတွက်ကို (၂)ဆမကအောင်တိုးမြှင့်ကာ (၇)ကြိမ်တိုင်အောင်အပြစ်ခွင့်လွှတ်ရမည်ဟုပြောလိုက်ခြင်းပင်ဖြစ်၏။

ဤအပြစ်အပျက်သည် ယခုလေ့လာနေသည့် ပုံဥပမာထဲမှသွန်သင်ချက်၏ နောက်ခံအခြေအနေပင်ဖြစ်၏။ သခင်ယေရှုက ပေတရု၏မေးခွန်းကို ပထမဆုံးအဖြေပေးလိုက်သည်မှာ–ကျွန်တော်တို့၏ညီအကိုဖြစ်သူကို (၇)ကြိမ်သာအပြစ်ခွင့်လွှတ်ရမည်မဟုတ်၊ ခုနစ်ဆယ်ခုနစ်လီ(အကြိမ်ပေါင်း ၄၉၀)အပြစ်ခွင့်လွှတ်ရမည်ဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ ကျွန်တော်တို့၏ညီအကိုဖြစ်သူကို အပြစ်ခွင့်လွှတ်ရာ၌အကြိမ်အကန့်အသတ်မရှိရ–ဟုဆိုလိုက်ခြင်းဖြစ်၏။

ဤအရာသည် ကောင်းကင်နိုင်ငံတော်၏အခြေခံအကျဆုံးဥပဒေသတခုပင်ဖြစ်၏။ အပြစ်ခွင့်လွှတ်ခြင်း၌အဆုံးမရှိ ပါ။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ညီအကိုများကို အမြဲခွင့်လွှတ်နေရမည်။ ထို့အတူ စိတ်နှလုံးပါလျက်ခွင့်လွှတ်ခြင်းဖြစ်နေရမည်။ ဤအရာသည် ကောင်းကင်နိုင်ငံတော်အတွင်းတွင်ထားရှိရမည့် ကိုယ်ကျင့်တရားအစစ်အမှန်ဖြစ် ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ဘုရားသခင်၏ အပြစ်ခွင့်လွှတ်ခြင်းကို ရရှိထားကြသူများဖြစ်ရာ၊ ကျွန်တော်တို့ကိုယ်တိုင် ဘုရားသခင်ထံမှ အပြစ်ခွင့်လွှတ်ခြင်းရရှိပြီးကြောင်း သက်သေအထောက်အထားသည် ကျွန် တော်တို့၏ညီအကိုများအပေါ် အပြစ်ခွင့်လွှတ်ခြင်းပင်ဖြစ်တော့၏။

## ဆပ်နိုင်စရာမရှိသော အကြွေး

သခင်ယေရှု၏ပုံဥပမာထဲမှ ရှင်ဘုရင်သည် တိုင်းနိုင်ငံအများကြီးကိုအုပ်စိုးရသည့် အလွန်ဘုန်းတန်ခိုးကြီးသော ရှင်ဘုရင်ဖြစ်ကြောင်းထင်ရှား၏။ သူသည် လက်အောက်ခံနိုင်ငံများကို အုပ်ချုပ်ရန် ဘုရင်ခံများကိုခန့်အပ်ထား၏။ ထိုဘုရင်ခံများသည် သူတို့ဘုရင်၏နာမည်ဖြင့်အုပ်ချုပ်ကြ၍ သူတို့၏ဘုရင်ကိုယ်စားအခွင့်အာဏာသုံးနိုင်ကြ၏။ သူတို့သည် အခွန်အတုပ်များကိုကောက်ခံရန်တာဝန်ယူကြရပြီး၊ ရရှိလာသောငွေများကို ဘုရင့်ဘဏ္ဍာတိုက်ထဲသို့ထည့်သွင်းကြရ၏။

မင်းမှုထမ်းတဦးသည် ရိုးသားမှုမရှိ၊ သူကောက်ခံသောငွေကြေးများကို သူ့ကိုယ်ကျိုးအတွက်သုံးစွဲနေခဲ့သည်။ ဤကဲ့သို့လုပ်နေသည်မှာ ကြာလှပြီဖြစ်သည့်အတွက် နောက်ဆုံးတွင် ရှင်ဘုရင်ထံ၌ငွေအခွက်တသိန်းအကြွေးတင်နေတော့သည်။ ဤကြီးမားလှသောအကြွေးသည် ယခုခေတ်ငွေကြေးပမာဏအားဖြင့်(သိန်းပေါင်းတစ်သိန်းခွဲ) ဝန်းကျင်ရှိ၏။ ဤပုံဥပမာထဲတွင်အလေးအနက်ထားပေါ်ပြနေသောကြွေးမြီ၏ မဟာ့မဟာအရေအတွက်ကို ကျနော်တို့သတိပြုသင့်ကြသည်။ ဤပမာဏသည် တွေးကြည့်ရန်ပင်ကြီးမားလွန်းလှပြီဖြစ်သလို၊ ပြန်ပေးဆပ်နိုင်ဖို့ဆိုလျှင် ပို၍ပင် ကြီးမားလွန်းနေပေသည်။

ဘုရင်ကြီးက သူ၏အမှုထမ်းများကို ဘဏ္ဍာတော်စာရင်းကောက်ယူစေရန် အမိန့်ချလိုက်သည်။ ထိုအခါတွင် ထိုမရိုးသားသောအမှုထမ်း၏လုပ်ရပ် ဘွားဘွားကြီးပေါ်လာသည်။ ဘုရင်ကြီးက ထိုအမှုထမ်းကို အပြစ်ပေးရန်ဆုံးဖြတ်လိုက်သည်။ အပြစ်ဒဏ်ပေးပုံသည် ထိုခေတ်အခါကတရားဥပဒေနှင့် အပြည့်အဝကိုက်ညီနေ၏။ ထိုသူပိုင်ဆိုင်သောအရာအားလုံး–ဇနီး၊ သားသမီးပါမကျန်၊ နောက်ဆုံးသူကိုယ်တိုင်အပါအဝင်– လေလံတင်ရောင်းချရမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူသည်အကြွေးပြန်မဆပ်နိုင်တော့သောကြောင့် သူကိုယ်တိုင်နှင့် သူပိုင်ဆိုင်သမျှသောအရာအားလုံးကို ရှင်ဘုရင်က တရားဝင်ပိုင်ဆိုင်သွားပြီဖြစ်၏။ ဤနည်းလမ်းအားဖြင့် ရှင်ဘုရင်က သူရရန်ရှိသောငွေကြေးတစိတ်တပိုင်းကို အနည်းဆုံးအားဖြင့် ပြန်ရနိုင်မည်ဖြစ်၏။ ဤကိစ္စသည် တရားမျှတသော၊ ကျိုးကြောင်းဆီလျော်သော၊ ဥပဒေနှင့်ညီသောလုပ်ရပ်ဖြစ်၏။ ဤကိစ္စသည်ဆိုးသွမ်းယုတ်မာသော၊ စိတ်ထင်တိုင်းရမ်းကားသော တရားလက်လွတ်လုပ်ရပ် လုံးဝမဟုတ်ပါ။ ဖြောင့်မတ်သောဘုရင်ကြီးအတွက် ဤတခုသာလုပ်စရာရှိတော့သောအခြေအနေဖြစ်၏။ သို့သော် ထိုအမှုထမ်းက အသနားခံတောင်းပန်ခဲ့၏။ သူက သူ့အပေါ်ချမှတ်ထားသောအပြစ်ဒဏ်ကို ချက်ချင်းအကောင်အထည်မပေါ်သေးရန် ဘုရင်ကြီးထံတောင်းပန်ခဲ့၏။ သူက သူ့ကိုအချိန်ပေးပါရန်နှင့် ထိုအချိန်အတွင်းကြွေးမြီအားလုံးကို (မဖြစ်နိုင်ကြောင်းထင်ရှားသော်လည်း) ပြန်ဆပ်ပါမည်ဟု ကတိပေးလိုက်၏။

ဘုရင်ကြီးသည် ထိုအမှုထမ်း၏ တောင်းပန်ခြင်းကြောင့်စိတ်ထိခိုက်သွား၏။ သူသည်ထိုအမှုထမ်းအပေါ် သနားကြင်နာလှကြောင်း သခင်ဘုရားကဖော်ပြထား၏။ ထိုအမှုထမ်း၏ စိတ်ပျက်ဝမ်းနည်းမှုကို ဘုရင်ကြီးကသနားသွားသည့်အတွက် သူ၏အမှုထမ်းကို ပျော်ပျော်ရွှင်ရွှင်ပြန်ဖြစ်အောင်လုပ်ဖို့ စိတ်အားထက်သန်လာ၏။ ရလဒ်ကတော့ ဘုရင်ကြီးသည် ထိုအမှုထမ်း၏တောင်းဆိုချက်ကိုလက်ခံလိုက်ရုံမျှသာမကဘဲ မယုံနိုင်လောက်အောင်ပင်ကြွေးမြီအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တော့သည်။ ဘယ်တော့မှ အကြွေးပြန်ဆပ်စရာမလိုတော့ပါ။

## ဘုရားသခင်၏ အပြစ်ခွင့်လွှတ်ခြင်း

ကျွန်တော်တို့ဘုရားသခင်၏ ဂရုဏာတော်ကြီးမားလှပုံကို ဤသို့အလွန်ခွန်အားရှိသောနည်းလမ်းအားဖြင့် သခင်ဘုရားက သွန်သင်ပေးထား၏။ ကျွန်တော်တို့သည် ဘုရားသခင်အပေါ်တွင် ကြီးမားစွာအကြွေးတင်နေကြ၏။ ကျွန်တော်တို့သည်လည်း ဘုရားသခင်၏နိုင်ငံတော်ထဲတွင် (အသင်းတော်တာဝန်တခုခုမထမ်းဆောင်ရလျှင်လည်း) အမှုထမ်းများပင်ဖြစ်ကြ၏။ ကျွန်တော်တို့ပိုင်ဆိုင်သမျှ အရာအားလုံးကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်နှင့် သူ၏အမှုတော်ထမ်းရွက်ရန် အသုံးပြုကြဖို့တာဝန်ပေးအပ်ခြင်းခံထားကြရ၏။ ကျွန်တော်တို့ကိုပေးအပ်ထားသော

သက်ရှိသက်မဲ့အားလုံးသည် ဘုရင်ကြီးပိုင်သောအရာများသာဖြစ်ပြီး၊ ဘယ်တုန်းကမှ ကျွန်တော်တို့ပိုင်သောအရာမဟုတ်ခဲ့ပါ။ ကျွန်တော်တို့ကိုပေးအပ်ထားသောအရာများကို ဘုရင်ကြီး အကျိုးအမြတ်ရနိုင်ဖို့ ရည်ရွယ်၍အသုံးချကြဖို့ရန် ကျွန်တော်တို့အားတာဝန်အပ်နှင်းထားခြင်းဖြစ်၏။ ကျွန်တော်တို့သည် နေ့စဉ်နှင့်အမျှ ဘုရားသခင်ထံ၌အကြွေးတင်သထက်တင်နေကြ၏။ ဤသို့ဖြစ်ရခြင်း၏အခြေခံအကြောင်းအရင်းမှာ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်၍ ကျွန်တော်တို့သည် သူကဖန်ဆင်းထားသောသတ္တဝါများသာ ဖြစ်နေကြခြင်းကြောင့်ဖြစ်၏။

သို့သော် ကျွန်တော်တို့ဘယ်တော့မှအကြွေးပြန်မဆပ်ကြပါ၊ တခဏကလေးမျှပင်အကြွေးပြန်မဆပ်ကြပါ။ ဘုရားသခင်၏ကမ္ဘာကြီးထဲမှရှိသမျှအရာအားလုံးကို ကျွန်တော်တို့၏ကိုယ်ကျိုးအတွက်သာ သုံးနေကြသည်။ ထို့အပြင် ထိုအရာများကို ကျွန်တော်တို့ကိုယ်ကျိုးအတွက်သုံးသည့်နေရာမှာလည်း ဘုရားသခင်အားဆန့်ကျင်၍အပြစ်လုပ်ဖို့ရန်အတွက်သာသုံးနေကြခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်ထံမှခိုးဝှက်လုယူနေကြခြင်းဖြစ် ၏။ ထိုသို့ဘုရားသခင်ထံမှ ခိုးယူနေကြရင်းဖြင့်ကျွန်တော်တို့၏အကြွေးသည် ထုထည်ကြီးမားစွာတိုးပွားလာတော့၏။

အကြွေးပမာဏသည် လုံးဝပေးဆပ်နိုင်စရာမရှိတော့အောင်ကြီးထွားနေ၏။ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းများစွာရှိနေသည်။ (ပထမဆုံးအနေနှင့်)–ကျွန်တော်တို့သည် ဘုရားသခင်အားချစ်ရန်နှင့် အမှုတော်ထမ်းဆောင်ရန်အမြဲမပြတ်တာဝန်ရှိနေ၏။ ဤတာဝန်ဝတ္တရားများသည် ကျွန်တော်တို့၏အသက်ရှင်နေချိန်စက္ကန့်တိုင်းမှာ ရှိနေခြင်းဖြစ်၏။ ကျွန်တော်တို့သည် အကြွေးဟောင်းကိုဘယ်တော့မှ မပေးဆပ်နိုင်ကြပါ၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ပေးဆပ်ရမည့်အကြွေးသစ်များကို အချိန်နှင့်အမျှရင်ဆိုင်နေကြရသောကြောင့်ဖြစ်၏။ ဥပမာအားဖြင့် ကျွန်တော်တို့သည် ကုန်စုံဆိုင်တဆိုင်တွင် လပေါင်းအတော်ကြာလက်ငင်းမပေးနိုင်ဘဲ အကြွေးဝယ်နေရသောကြောင့် ငွေ(၁၀)သိန်းအကြွေးတင်နေပြီ ဆိုကြပါစို့။ ကျွန်တော်တို့၌ယနေ့မှစ၍ လက်ငင်းဝယ်စားဖို့ငွေပေးနိုင်စွမ်းရှိလာသောကြောင့် အရင်ကအကြွေးကျန်များလဲ ကျေသွားလိမ့်မည်(ဆပ်ရန်မလိုတော့)–ဟု ယူဆ၍မရပါ။ ထို့အတူပင် ဘုရားသခင်အပေါ် ကျွန်တော်တို့၏ အပြည့်အဝဆက်ကပ်အပ်နှံခြင်းနှင့်အမှုတော်ဆောင်ခြင်း–တို့ပြုလုပ်ရန် အချိန်နှင့်အမျှ အကြွေးတင်ရှိနေပါလျှင်၊ ယခုအချိန်မှစ၍ အပြည့်အဝ ဆက်ကပ်အပ်နှံ၊ အမှုတော်ဆောင်ခြင်း–လုပ်နိုင်ပြီဆိုလျှင်သော်မှ အရင်ကကြွေးကျန်များကို ပေးဆပ်ဖို့ရန်လုံးဝမဖြစ်နိုင်သေးပါ။ ထို့ကြောင့်သခင်ဘုရားက– ထိုနည်းတူစွာပင်၊ သင်တို့သည်လည်း သင်တို့ကိုအမိန့်ပေးထား သောအရာအားလုံးကို လုပ်ဆောင်ပြီးခဲ့လျှင်သော်မှ (ကျွန်တော်တို့ သည် ကျွန်တော်တို့လုပ်ရမည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြခြင်းသာဖြစ်သည်၊ကျွန်တော်တို့သည် အကျိုးအမြတ်မထွက်သောအမှုထမ်းများသာဖြစ်ပါသည်)–ဟု ပြောကြပါ– (လုကာ ၁၇း၁၀)––ဟူ၍မိန့်တော်မူခဲ့ပါ၏။

(ဒုတိယအချက်)–ဤအကြွေးသည် ကြီးမားလွန်းသောကြောင့် ပေးဆပ်ဖို့မဖြစ်နိုင်ခြင်းဖြစ်၏။ ကျွန်တော်တို့ကျူးလွန်မိသည့်အပြစ်တခုအတွက်ပင်လျှင် ထာဝရငရဲနှင့်ထိုက်တန်သောအပြစ်သား ဖြစ်သွားစေသည်ဖြစ်ရာ ကျွန်တော်တို့၏အပြစ်အားလုံးအတွက်မဆိုထားနှင့်၊ အပြစ်တခုအတွက်ပင်လျှင် ပေးဆပ်ဖို့မဖြစ်နိုင်ပါ။ ကျွန်တော်တို့ပေးရန်ရှိသည့်ကြွေးမြီ၏ အသေးဆုံးအစိတ်အပိုင်းကလေးကိုပင် မပေးဆပ်နိုင်ကြပါ။ ထို့ကြောင့် ကျွန်တော်တို့၏အပြစ်အားလုံးပေါင်းလိုက်သော ထုထည်ပမဏသည် အလွန်ကြီးမားလှသောကြောင့် ပေးဆပ်နိုင်ဖို့လမ်းမရှိတော့ပါ။

(တတိယအချက်)–ကျွန်တော်တို့သည် အကြွေးကျန်များကိုမပေးဆပ်နိုင်သောအပြစ်သားများဖြစ်ကြသည့်အပြင် လတ်တလောအကြွေးသစ်များကိုလဲမပေးနိုင်ကြသောကြောင့် နေ့စဉ်နှင့်အမျှကျွန်တော်တို့အကြွေးကို တိုးပွားစေလျက်ရှိကြ၏။ ကျွန်တော်တို့၏အပြစ်များသည် နေ့စဉ်နှင့်အမျှ ကျွန်တော်တို့အပေါ် အောင်ပွဲခံလျက်တိုးပွားနေပါ၏။ ရလဒ်ကတော့ ကျွန်တော်တို့သည် အပြစ်တရား၊ သေခြင်း၊နှင့်ငရဲ–တို့အထဲသို့ အသနားညှာတာကင်းမဲ့စွာ ထိုးချောင်းပစ်လိုက်သင့်သောသူများ ဖြစ်လာကြပါ၏။ အချုပ်အချာအာဏာပိုင်ရှင်၏ စာရင်းကောက်ခြင်း နေ့တိုင်းပင်ရှိနေပြီး၊ ရလဒ်ကလည်း နေ့တိုင်းအတူတူပင် (ကျွန်တော်တို့၏ကြွေးမြီပမာဏ ပို၍ကြီးမားတိုးပွားလာခြင်း)ဖြစ်နေ၏။

သို့သော် ဘုရားသခင်သည် သူ့လူများ၏အပြစ်များကိုခွင့်လွှတ်ပေးနေ၏။ ဤသည်ပင် ကောင်းကင်နိုင်ငံတော်၏ အခြေခံဂုဏ်အင်္ဂါရပ်ဖြစ်၏။ ဤနိုင်ငံတော်သည် (ထာဝရဘုရင်ကြီးဖြစ်သူ)ဘုရားသခင်က သူ၏နိုင်ငံတော်သားများကို အပြစ်ခွင့်လွှတ်လျက်ရှိသော၊ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၏ ဖြောင့်မတ်ခြင်းကို ပေးလျက်ရှိသော နိုင်ငံတော်ကြီးဖြစ်၏။

ဘုရားသခင်၏အကြံအစည်တော်ရှုထောင့်မှကြည့်လျှင် ဤအပြစ်ခွင့်လွှတ်ခြင်းသည် ထာဝရဖြစ်၏။ ဓမ္မဟောင်းကာလမှ ပရောဖက်ဗာလံကို (မောဘလူမျိုးတို့၏ဘုရင်)ဘားလက်က အစ္စရေးလူမျိုးတို့အား ကျိန်စာတိုက်ရန်ခိုင်းစေခဲ့ဖူး၏။ သို့သော်လည်းဘုရားသခင်က ဗာလံ၏ကျိန်စာကို ကောင်းချီးမင်္ဂလာအဖြစ်ပြောင်းလဲပေးလိုက်၏။ ဗာလံအား သူပြောသည့်စကားများထဲတွင် –ဘုရားသခင်သည် ယာကုပ်၏အပေါ်တွင် အပြစ်မမြင်၊ အစ္စရေးအမျိုး

အပေါ်တွင်လည်းဖေါက်လွဲဖေါက်ပြန်လုပ်ခြင်းမတွေ့၊ သူ၏အရှင်ဘုရားသခင်သည်သူနှင့်အတူရှိတော်မူ၍ ရှင်ဘုရင် ၏ကြွေးဝါးသံသည် သူတို့အလယ်၌ရှိ၏- (တောလည်ရာ ၂၃း၂၁)-ဟူ၍ ပြောရန်ဘုရားသခင်ကအမိန့်ပေးခဲ့၏။ ဆိုလို ရင်းမှာ ဘုရားသခင်သည် သူ့လူမျိုးအပေါ်တွင် ဘယ်တော့မှအပြစ်မမြင်ပါ-ဟူ၍ဖြစ်၏။

ဤသို့ဖြစ်နိုင်ခြင်းမှာ ဘုရားသခင်က သူ၏လူမျိုးတို့ကို သခင်ခရစ်တော်ပိုင်ဆိုင်သော သူများအဖြစ်ခွဲမှတ်ကြည့်မြင်သောကြောင့်ဖြစ်၏။ သူတို့အပေါ်အပြစ်ခွင့်လွှတ်ခြင်းသည် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်၌သမိုင်းဝင်အကောင်အထည်ပေါ်ခဲ့ခြင်းဖြစ်၏။ သူ၏လူမျိုးတို့က ဘုရားသခင်အပေါ်တင်ရှိနေသော ကြွေးမြီများကို သခင်ခရစ်တော်က တာဝန်လွှဲယူလိုက်ပြီး၊ ပေးဆပ်ရမည့်အဖိုးအခကို သူ့အပေါ်သို့ခံယူလိုက်ခြင်းဖြစ်၏။ သူဤကဲ့သို့ကိုယ်စားခံနိုင်ခြင်းမှာ သူဒုက္ခဝေဒနာခံစား၍သေဆုံးချိန်တွင် ထာဝရငရဲအပြစ်ဒဏ်ကို တပေါင်းတည်းခံယူခဲ့သောကြောင့်ဖြစ်၏။ ကျွန်ုပ်တော်တို့ ကျူးလွန်ခဲ့သောအပြစ်တခုစီတိုင်းသည် ထာဝရငရဲခံစားရန်ထိုက်တန်သောအပြစ်များဖြစ်ကြသလို၊ ဘုရားသခင်၏လူများသည်လဲ မရေမတွက်နိုင်အောင်များပြားလှပါသည်။ ထိုသို့ရှိနေသော်လည်း သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ကြောက်မက်ဘွယ်ရာငရဲဝေဒနာကိုခံယူချိန်တွင် ထိုအပြစ်ကြွေးအားလုံးကို ပေးဆပ်လိုက်ပြီးဖြစ်၏။ သူသည် ထိုသို့ငရဲဝေဒနာ ပြင်းပြစွာခံစားနေရချိန်တွင်လည်း ဘုရားသခင်အားချစ်မြဲချစ်လျက်၊ အမှုတော်ထမ်းရွက်မြဲထမ်းရွက်လျက်၊ ခမည်းတော်၏ဘုန်းတော်ကိုမပြတ်တမ်းထင်ရှားစေမြဲ ရှိနေသောကြောင့် အကြွေးအားလုံးကို ပေးဆပ်နိုင်စွမ်းရှိရခြင်းဖြစ်၏။ ကြောက်မက်ဘွယ်ရာ မှောင်မဲနေသော ဘုရားသခင်၏ပြင်းထန်သောဒေါသလှိုင်းလုံးများက သူ၏စိတ်ဝိညာဉ်ကို ဖုံးလွှမ်းသွားချိန်တွင်လည်း သူ၏နှလုံးသားထဲမှအကြွင်းမဲ့မေတ္တာဖြင့်ဘုရားသခင်အားချစ်မြဲချစ်နေခဲ့၏။ ထိုသို့အားဖြင့် ဘုရားသခင်၏လူအားလုံးအတွက် အကြွေးဆပ်ပေးနိုင်ခဲ့၏။ အကြွေးအားလုံးကို ပြည့်ဝလွန်းစွာပေးဆပ်ပြီးခဲ့သောကြောင့် ကြွေးကျန်ဆို၍ မြူမှုံမျှလောက်ပင်မရှိတော့ပါ။

ဤအကြောင်းအရာသည် (ဘုရားသခင်ကသူ၏လူများကို ပြင်းပြစွာလွမ်းဆွတ်နေသောစိတ်သဘော)တည်းဟူသော ဘုရားသခင်၏ဂရုဏာတော်ကို ထင်ရှားစွာပြသလိုက်ခြင်းပင်ဖြစ်၏။ ဘုရားသခင်သည် သူ၏လူတို့ကို ဆိုးဝါးလှသောဘဝ၊ ဆင်းရဲဒုက္ခများခံစားနေရသောဘဝ-ထဲမှကယ်ဆယ်၍ ပျော်ရွှင်သော၊ ကောင်းချီးခံရသောသူများဖြစ်သွားအောင် လုပ်ပေးချင်စိတ်ပြင်းပြစွာရှိနေ၏။ သို့သော် ဘုရားသခင်၏ဂရုဏာတော်သည် ခံစားချက်သက်သက်၊ လိုချင်စိတ်သက်သက်မျှသာမဟုတ်ပါ၊ ဘုရားသခင်၏အသက်ရှင်သောအလိုတော်ပင်ဖြစ်၏။(မဖြစ်မနေအကောင်အထည် ပေါ်လာရမည်ဖြစ်၏)။ လက်ဝါးကပ်တိုင်တော်သည် ဘုရားသခင်၏ဂရုဏာတော်ကို အမြင့်မားဆုံးနည်းဖြင့်ထင်ရှားပြလိုက်ခြင်းပင်ဖြစ်၏။ ဘုရားသခင်က သူ၏တပါးတည်း သောသားတော်ကိုပင် လက်ဝါးကပ်တိုင်ပေါ်အသေခံစေရန် ပေးအပ်ခဲ့ခြင်းပါတကား! ဘုရားသခင်သည် ဤသို့သောအဖိုးအခကိုပင် များလွန်းသည်ဟုသဘောမထားခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် သူ၏ဂရုဏာတော်သည် ကြီးမားလွန်းလှပြီး၊ ကျွန်ုပ်တော်တို့၏နှိုင်းယှဉ်တိုင်းတာနိုင်စွမ်းထက် အလွန့်အလွန်ကျော်လွန်နေ၍ဖြစ်၏။

ဤသို့ကောင်းမြတ်လှသောအပြစ်ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တော်တို့၏အပြစ်မှနောင်တရ၍ဝန်ချတောင်းပန်ခြင်း နည်းလမ်းအားဖြင့် ကျွန်ုပ်တော်တို့ ပိုင်သောအရာဖြစ်လာနိုင်၏။ ကျွန်ုပ်တော်တို့၏ အပြစ်နှင့် အပြစ်ဒဏ်ခံခြင်းဝန်ထုပ်ဝန်ပိုးများကို လက်ဝါးကပ်တိုင်သို့ ယူဆောင်လာကြပြီး၊ ကျွန်ုပ်တော်တို့၏ထိုက်တန်ခြင်းကင်းမဲ့သောအဖြစ်ကို လက်ဝါးကပ်တိုင်ခြေတော်ရင်း၌ဝန်ချတောင်းပန်လိုက်ချိန်တွင် ဤကြီးမြတ်လှသောကောင်းချီးမင်္ဂလာကို ကျွန်ုပ်တော်တို့ကိုယ်တိုင် သိရှိခံစားနိုင်လာမည်ဖြစ်၏။ သခင်ခရစ်တော်နှင့် သူ၏ပြည့်ဝစုံလင်လှသော စွန့်လွှတ်ပူဇော်မှုအပေါ်ကျွန်ုပ်တော်တို့က ယုံကြည်ခြင်းအားဖြင့် အားကိုးခိုလှုံလိုက်သောအခါတွင် အပြစ်ခွင့်လွှတ်ခြင်း၏အာမခံချက်ကို ကျွန်ုပ်တော်တို့ကိုယ်တိုင် တွေ့မြင်နိုင်စွမ်းရှိလာမည်ဖြစ်၏။ ထိုအခါတွင်မှ ကျွန်ုပ်တော်တို့အပေါ်မှ ကြီးလေးလှသောအကြွေးဝန်ထုပ်ကြီးကို ဖယ်ရှားပေးလိုက်ပြီဖြစ်ကြောင်း ကိုယ်တိုင်လက်တွေ့သိနိုင်စွမ်းရှိလာကြတော့သည်။

(The Mysteries of the Kingdom, Rev. Herman Hanko **၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။**)

==========================================================

**ယောဟန် ၁၁း၁-၇ (ကျိန်းဘုရင်မူ)**

**၁ - ယုံကြည်ခြင်းဆိုသည်မှာ မျှော်လင့်သောအရာတို့၏ ခိုင်မာသေချာမှုဖြစ်ပါသည်၊ မမြင်ရသောအရာတို့၏ ခိုင်လုံခြင်းဖြစ်သည်။**

၂ – ၄င်းအားဖြင့် လူကြီးများသည် နာမည်ကောင်းကို ရခဲ့ကြသည်။

၃ – ကမ္ဘာများကို ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် တည်ဆောက်သည်ဟု ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့ နားလည်ကြပါသည်။

၄ – ယုံကြည်ခြင်းအားဖြင့် အေဘဲလ်သည် ကိန်း၏ယဇ်ထက် ပို၍အဆင့်မြင့်သောယဇ်ကို ဘုရားသခင်ထံပူဇော်ခဲ့ပါသည်၊ ထိုအရာအားဖြင် သူသည် ဖြောင့်မတ်သူဖြစ်ကြောင်း သက်သေကိုရခဲ့ပါသည်၊ ဘုရားသခင်က သူ၏လက်ဆောင်များကို အသိအမှတ်ပြုခြင်းဖြင့်ဖြစ်သည်၊ ထိုအရာအားဖြင့် သူသည် သေပြီးဖြစ်သော်လည်း၊ ဆက်၍ပြောဆိုနေဆဲရှိပါသည်။

၅ – ယုံကြည်ခြင်းအားဖြင့် ဧနောခ်သည် သေခြင်းကိုမမြင်ရအောင် ပြောင်းလဲသွား ခဲ့ပါသည်၊ သူ့ကို မတွေ့ရတော့ပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သူ့ကို ပြောင်းလဲသွားစေ၍ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ပြောင်းလဲမသွားခင်၊ သူသည် ဘုရားသခင်ကို စိတ်ကျေနပ်စေသူဖြစ်သည်ဆိုသော သက်သေကို ရခဲ့ပါသည်။

၆ – သို့သော် ယုံကြည်ခြင်းမရှိလျှင်၊ သူ၏စိတ်ကိုကျေနပ်စေဖို့ မဖြစ်နိုင်ပါ၊ အဘယ်ကြောင်ဆိုသော် ဘုရားသခင်ထံလာသောသူသည်၊ သူရှိကြောင်း၊ သူ့ကို လုံ့လဝီရိယနှင့်ရှာသောသူတို့ကို ဆုပေးသူဖြစ်ကြောင်း ယုံကြည်ရမည်ဖြစ်သည်။

၇ – ယုံကြည်ခြင်းဖြင့် နိုးအာသည် ဘုရားသခင်၏သတိပေးခြင်းဖြင့် မမြင်ရသေးသည်တို့ကို သိလျှက်၊ ကြောက်ရွံ့ခြင်းကိုနှိုးစော်သဖြင့်၊ မိမိအိမ်ထောင်စုကိုကယ်ရန် သင်္ဘောကိုပြင်ဆင်ပါသည်၊ ၄င်းအားဖြင့် သူသည် ကမ္ဘာကြီးကို ပြစ်တင်ရှုတ်ချခဲ့သည်၊ ယုံကြည်ခြင်းဖြင့်ရသော ဖြောင့်မတ်ခြင်းကို အမွေခံရသူဖြစ်လာပါသည်။